# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၃)

## လူထုအုပ်ချုပ်ရေးလွှမ်းမိုးမှု သဘောတရားအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ချည်းကပ်ခြင်း (၄)

နအဖ ကျင်းပတော့မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စပ်လျဉ်းတဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ တိုင်းပြည်မှာ လူထုနဲ့ စစ်တပ် ဘယ်လိုအနေအထားနဲ့ တည်ရှိသင့်တယ်ဆိုတာကို ရွေးချယ်တဲ့ပွဲဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ သူ့နေရာမှာ သူ တည်ရှိတာမျိုးမဟုတ်ဘဲ မရှိသင့်တဲ့နေရာမှာ ရှိနေတဲ့အခါမျိုးမှာ မြန်မာစကားနဲ့ ခိုင်းနှိုင်းပြတဲ့စကားလုံး တလုံးရှိပါတယ်။ အဲဒါကတော့ “ဘုရား ကား အောက်၊ မြောက် ကား အထက်” ဆိုတဲ့ စကားလုံးပါဘဲ။ အဲဒီလိုမျိုးဖြစ်နေရင် မသင့်တော်ဘူးလို့ ဆိုလိုတာပါ။ စစ်ဗိုလ်တွေကို လူ့အလွှာအလိုက် လူ့အဖွဲ့အစည်းတခုလုံးရဲ့ အထက်မှာပေးပြီးနေရမယ်ဆိုတဲ့ အယူအဆကို ထင်ဟပ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးလိုက်ရင် မသင့်တော်ဘူးလို့ ပြောရုံနဲ့ မလုံလောက်တော့ပါ။ ငါးပါးသာမက သံဃာစင်ပါ မှောက်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုမူလုံးဝ ဥပက္ခာပြုထားလို့ပါဘဲ။

လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုမူကို ကျင့်သုံးတဲ့နေရာမှာ အရေးကြီးတဲ့ ကဏ္ဍတရပ်ဖြစ်တဲ့ လူထုအသင်းအဖွဲ့တွေအကြောင်းကို ဒီတပတ် တင်ပြပါမယ်။ တိုးတက်ဖွံ့ဖြိုးတဲ့ ဒီမိုကရေစီနိုင်ငံကြီးတိုင်းမှာ တိုင်းပြည်ကာကွယ်ရေး၊ လုံခြုံရေးတွေနဲ့ ဆိုင်တဲ့ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းလို့မူဝါဒ ချမှတ်ဆောင်ရွက်တဲ့အခါမှာ အားကောင်းချက်၊ အားနည်းချက်တွေကို လေ့လာစေါင့်ကြည့်၊ ဝေဘန်သုံးသပ်ပြီးလွှတ်တော်နဲ့ လူထုကို တင်ပြနိုင်ရေးအတွက် လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့၊ ပညာရှင်အသင်းအဖွဲ့တွေ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ ကမ္ဘာတခွင် ဆက်သွယ်ဆောင်ရွက်ကြတဲ့ ခေတ်၊ နည်းပညာတွေ လွန်မင်းစွာ တိုးတက်နေတဲ့ခေတ်ကြီးမှာ အမျိုးသားလုံခြုံရေး၊ ကာကွယ်ရေးကိစ္စတွေဟာ ကျယ်ပြန့်ရှုတ်ထွေးမှုတွေ ရှိလာတယ်။ စစ်ရေးတခုထဲအမြင်နဲ့ ကြည့်ရုံနဲ့ လုံးဝကိုမလုံလောက်တော့ဘူး။ ဒ့ါအပြင် ပါလီမန်တခုထဲကနေ ပြီးတော့ ထိထိရောက်ရောက် ကြီးကြပ်လုပ်ဆောင်နိုင်ဘို့အတွက်လည်း အခက်အခဲတွေရှိလာတယ်။ အမျိုးသားလုံခြုံရေးကိစ္စတွေမှာ ဝါသနာပါတဲ့ ထူးချွန်ထက်မြက်သူတွေ၊ ပညာရှင်တွေကို အားကိုးရတဲ့အနေအထားတွေရောက်လာတယ်။

ဒါဖြင့်ရင် အာဏာရှင် အုပ်ချုပ်တဲ့တိုင်းပြည်တွေမှာ ဒီပုဂ္ဂိုလ်တွေကို တာဝန်ပေးပြီး လေ့လာသုတေသနပြုခိုင်းရင် မဖြစ်နိုင်ဘူးလားလို့ မေးစရာရှိမှာပါ။ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် သုတေသနပြုတွေ့ရှိချက်တွေကို အာဏာရှင်များ အလိုကျသာ အသုံးပြုသွားကြရတယ်။ လူ့အဖွဲ့အစည်းကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုး အတွက် အသုံးမပြုနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မတူတဲ့ အမြင်သဘောထားတွေကနေ တင်ပြခွင့်မရှိ၊ သုံးသပ်ဝေဘန်ခွင့် မရကြလို့ ဖြစ်တယ်။ ဒါကြောင့် ဒီလိုထူးချွန်ထက်မြက်သူတွေ၊ ပညာရှင်တွေ၊ ဥာဏ်ကြီးရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေ တည်ရှိတာဟာ လူ့အဖွဲ့အစည်းကို အကျိုးပြုလာတာတွေ့ရတယ်။

ဒီမိုကရေစီနိုင်ငံတွေမှာ အစိုးရအနေနဲ့ အမျိုးသားလုံခြုံရေးပိုင်းဆိုင်ရာကိစ္စတွေ၊ လက်နက်ကိုင်တပ်ဖွဲ့၊ ပုလိပ်နဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ ဆိုင်ရာတွေမှာ အဆိုပါအသင်းအဖွဲ့တွေကို ဖိတ်ကြားလေ့ရှိကြတယ်။ သူတို့ရဲ့ သုတေသနပြုချက်တွေကို တင်ပြခွင့်ပြု၊ ဆွေးနွေးငြင်းခုံမှုတွေပြုစေတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် အစိုးရရဲ့ လုပ်ဆောင်မှု ရှင်းရှင်းလင်းလင်းရှိကြောင်း တိုင်းပြည်ကိုပြဘို့အတွက် အထောက်အပံ့ ဖြစ်တယ်။ အစိုးရရဲ့ လုပ်ဆောင်ချက်တွေဟာ အမျိုးသားလုံခြုံရေးနဲ့ ဖီလာဆန့်ကျင် ဖြစ်နေပြီဆိုရင်လည်း ပွင့်ပွင့်လင်းလင်းဝေဘန်ထောက်ပြကြတဲ့အတွက် လူထုနဲ့ တိုင်းပြည်အတွက်များစွာ အကျိုးဖြစ်ထွန်းတယ်။

အဲဒီ အသင်းအဖွဲ့တွေရဲ့ သုတေသနပြုတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်တွေရဲ့ အကျိုးကျေးဇူးအနေနဲ့ တိုးတက်ဖွံ့ဖြိုးနေတဲ့ ဒီမိုကရေစီနိုင်ငံကြီးအတော်များများမှာ အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်လို့ စစ်တပ်အနေနဲ့ ပါဝင်ပတ်သက်စရာတောင်မလိုဘဲ ဖြေရှင်းဆောင်ရွက်နိုင်တာ လေ့လာတွေ့ရှိရတယ်။ မြန်မာနိုင်ငံရဲ့ လက်တွေ့မှာတော့ အဲဒါနဲ့ပြောင်းပြန်ဖြစ်နေပါတယ်။ ရှမ်းအမျိုးသားခေါင်းဆောင် ဦးခွန်ထွန်းဦး ဦးဆောင်ပြီး ဖွဲ့စည်းဘို့ကြိုးစားခဲ့တဲ့ ရှမ်းပြည်ပညာရှင်များကောင်စီဆိုတာ ဖွဲ့စည်းလှုပ်ရှားဖြစ်ခဲ့မယ်ဆိုရင် ဒီလို အဖွဲ့အစည်းမျိုးဖြစ်လာနိုင်ပါတယ်။ ပြည်ထောင်စု တည်ဆောက်ရေးကို အထူးပြုလေ့လာသွားမယ့် အဖွဲ့မျိုးဖြစ်တာကြောင့် ပြည်တွင်းစစ်တွေ ချုပ်ငြိမ်းသွားနိုင်ပြီး အမျိုးသားလုံခြုံရေး တိုင်းပြည်ကာကွယ်ရေးအတွက် ကြီးမားတဲ့အထောက်အပံ့မျိုးဖြစ်မယ်ဆိုတာ မေးစရာတောင် လိုမယ်မထင်ပါဘူး။

ဒါပေမယ့် ရှမ်းပြည်ပညာရှင်များကောင်စီ ဖွဲ့စည်းဘို့ဦးတည် လှုပ်ရှားကြတယ်ဆိုတဲ့ အချက်တခုထဲကို ဗဟိုပြုပုဒ်မအမျိုးမျိုးပြောင်းလဲတပ်ဆင်ပြီး နအဖတရားရုံးတွေက အဆမတန်ကြီးမားတဲ့ ပြစ်ဒဏ်တွေချမှတ်တာကို ရှမ်းအမျိုးသားခေါင်းဆောင် ရှစ်ဦး ကျခံလိုက်ရပါတယ်။

အဲဒီ အထဲက ထင်ရှားသူ တဦးကတော့ ဗိုလ်ချုပ်ဆေထင် ပါ။ ဗိုလ်ချုပ်ဆေထင်ဟာ နအဖနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ ရှမ်းပြည်တပ်မတော် (Shan State Army)(မြောက်ပိုင်း) အထူးဒေသ (သုံး) ဥက္ကဌနှင့် နာယက ဖြစ်တဲ့အပြင် ရှမ်းပြည်နယ်ငြိမ်းချမ်းရေးကောင်စီရဲ့ ဥက္ကဌလဲ ဖြစ်တယ်။ သူ့အပေါ် မြန်မာနိုင်ငံသမိုင်းမှာ ဘယ်တုံးကမျှ မကြားဘူးလောက်တဲ့ ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခဲ့တယ်လို့ ပြောရပါလိမ့်မယ်။ စုစုပေါင်း ၁၀၆ နှစ် ဖြစ်ပါတယ်။

ဗိုလ်ချုပ်ဆေထင်အပေါ် ဘာကြောင့် ဒီလောက်ကြီးမားတဲ့ ပြစ်ဒဏ်ချမှတ်ခဲ့တယ်ဆိုတာကို ၂၀၀၅ ခုနှစ် ပြစ်မှုကြီး အမှုအမှတ် ၂၃၃ အနေနဲ့ ရေးသားထားခဲ့တဲ့ ရန်ကုန်တိုင်းတရားရုံး(ခုံရုံး)ရဲ့ အောက်ပါစီရင်ချက် ကို လေ့လာကြည့်ပါ။

> တရားခံဆေထင် သည် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ပထမအကြိမ် ဒုတိယနေ့အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဒုတိယအကြိမ်အစည်းအဝေးကို လာရှိုးမြို့ရှိ၄င်း၏နေအိမ်တွင် လက်ခံကျင်းပခွင့်ပြုခဲ့ပြီး တတိယအကြိမ်အစည်းအဝေးကို တောင်ကြီးမြို့ SSA ရုံးတွင်၄င်း၏ခွင့်ပြုချက်ဖြင့် ကျင်းပခဲ့ကြောင်း ပေါ်ပေါက်သည်။ ယင်းသက်သေခံချက်များအရတရားခံဆေထင်သည် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းရေးကိစ္စတွင် ကမကထပြု လုပ်ကြောင်း ပေါ်ပေါက်သည်။

ဗိုလ်ချုပ်ဆေထင်နဲ့ ရှမ်းအမျိုးသားခေါင်းဆောင်တွေဟာ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဘို့ ကြိုးစားကြရုံဘဲ ရှိပါတယ်။ အဲဒီ အဖွဲ့ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းတောင် ရေးဆွဲနိုင်ခဲ့ကြခြင်းမရှိသေးပါဘူး။ နိုင်ငံတော် သစ္စာဖေါက်ဖျက်ပုန်ကန်မှု အပါအဝင် ဟိုအမှုသည်အမှု ပြစ်မှုကြီးတွေနဲ့ ပုဒ်မတပ်စွဲဆိုခံခဲ့ရတယ်။ ဒါပေမယ့် သက်သေခံအထောက်အထားအဖြစ် လက်နက်ခဲယမ်းမီးကျောက်တခုတလေကိုဖြစ်ဖြစ်၊ စစ်ရေးစီမံချက်တစုံတရာကို ဖြစ်ဖြစ်၊ အကြမ်းဘက်မှုတခုခုကို ဖြစ်ဖြစ် တင်ပြနိုင်ခဲ့တာ ဘာမှမရှိခဲ့ဘူး။ ဘာကြောင့်လဲ ဆိုတော့ ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဆိုတာ ပညာရပ်အခြေခံကနေ သုတေသနလုပ်ငန်းတွေကို အလေးထားလုပ်ဆောင်သွားမယ့် အဖွဲ့အစည်းမျိုးဖြစ်လို့ပါဘဲ။ သည်လို အဖွဲ့အစည်းမျိုး ဖွဲ့စည်းတည်ထောင် လှုပ်ရှားဘို့ ကြိုးစားတာဟာ ရာဇဝတ်မှုမှ မဟုတ်တာဘဲ။ အသင်းအဖွဲ့ တရပ်ဖွဲ့စည်းဘို့ ကမကထပြုရုံလောက်နဲ့ ဗိုလ်ချုပ်ဆေထင်လိုမျိုး နှစ်ပေါင်းရာနဲ့ချီပြီး ပြစ်ဒဏ်ချမှတ်ခံရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်မှာတောင်မှ မကြားဘူးပါဘူး။

ရှမ်းအမျိုးသားခေါင်းဆောင်တွေကို အဓိကစွဲဆိုခဲ့တဲ့ ပြစ်မှုတွေအနက် တခုကတော့ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ဖြစ်ပါတယ်။ အဲဒီ ဥပဒေရဲ့ ပုဒ်မ (၃) မှာ အောက်ပါအတိုင်း ပြဌာန်းထားတယ်။

**(က) အသင်းအဖွဲ့တွေဟာ ဖွဲ့စည်းခွင့်ရရှိဘို့ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနကို လျှောက်ထားရမယ်။**

**(ခ) ဖွဲ့စည်းပြီးတဲ့ အသင်းအဖွဲ့ဟာ ဒီဥပဒေပြဌာန်းတဲ့ နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း လျှောက်ထားရမယ်။**

**(ဂ) ခွင့်ပြုချက်မရတဲ့ အသင်းအဖွဲ့ကို ဖွဲ့စည်းတာ၊ ဆက်လက် ရပ်တည် လှုပ်ရှားတာ မပြုရဘူး။**

ပြစ်ဒဏ် ပုဒ်မဖြစ်တဲ့ ပုဒ်မ (၆)မှာတော့ ပုဒ်မ(၃) ရဲ့ ပုဒ်မခွဲ (ဂ) ကို ချိုးဖေါက်မှသာ ပြစ်ဒဏ်စီရင် ရမယ်လို့ပါရှိတယ်။ ဆိုလိုခြင်တာကတော့ ဖွဲ့စည်းခွင့်ရဘို့ မှတ်ပုံတင်ဘို့မလျှောက်ထားရင် ပြစ်ဒဏ်ပေးမယ်လို့ မပါရှိဘူး။ဒါကြောင့် ဒီဥပဒေတခုလုံးကို ခြုံကြည့်ရင် မှတ်ပုံတင်ခြင်း မတင်ခြင်း၊ မှတ်ပုံတင်ဘို့ လျှောက်ထားခြင်း မလျှောက်ထားခြင်းဟာ သက်ဆိုင်ရာ အသင်းအဖွဲ့ရဲ့ သဘောထားဘဲလို့ မှတ်ယူရမှာဖြစ်တယ်။ မှတ်ပုံတင်ဘို့ မလျှောက်ထားရုံနဲ့ ပြစ်ဒဏ်ပေးလို့ မရဘူး။

ဒါပေမယ့် အသင်းအဖွဲ့တရပ်ဟာ မှတ်ပုံတင်ဘို့ လျှောက်ထားတယ် ဆိုကြပါစို့။ အာဏာပိုင်တွေက လျှောက်ထားချက်ကို စီစစ်ပြီး မှတ်ပုံတင်ဘို့ ငြင်းဆိုလိုက်ပါရက်နဲ့ ဆက်လက်တည်ရှိလှုပ်ရှားနေတဲ့ အသင်းအဖွဲ့

မျိုးကို ပြစ်ဒဏ်ချမှတ်ခွင့် ရှိတယ်။ ဥပဒေကို သည်လိုဖွင့်ဆိုရဘို့ ရှိပါတယ်။ ဒါပေမယ့် နအဖ ရဲ့တရားရုံးတွေဟာ အသင်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို သည်လို မဖွင့်ဆိုကြပါဘူး။ နအဖ အလိုကျ ဖွင့်ဆိုပြီး ရှမ်းအမျိုးသား ခေါင်းဆောင်တွေကို နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်ခဲ့ကြပါပြီ။ ဒါကြောင့် သည် ဥပဒေဟာရှင်းလင်း ပြည့်စုံမှုမရှိ သေးဘူးလို့ မှတ်ယူရပါလိမ့်မယ်။ ပြင်ဘို့လိုအပ်နေတာ အမှန်ပါဘဲ။ ဘယ်လို အကြောင်းခံနဲ့ ပြင်ရမှာပါလဲ။

အသစ်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုးကားပြီးပြင်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ လူ့အဖွဲ့အစည်းနဲ့ လူသားတွေရဲ့ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက် အကူပေးမယ့် လူထုအသင်းအဖွဲ့တွေ လွတ်လပ်စွာ ဖွဲ့စည်း၊ ရပ်တည်၊ လှုပ်ရှားခွင့်ကို ရိုးရိုးရှင်းရှင်း တိတိကျကျ အာမခံပြဌာန်းပေးဘို့ လိုပါလိမ့်မယ်။ ဒါဟာ လူထုအုပ်ချုပ်ရေး လွှမ်းမိုးမှုမူရဲ့ အင်မတန် အရေးကြီး တဲ့ အစိပ်အပိုင်းတရပ်လည်းဖြစ်ပါတယ်။ ဒါပေမယ့် နအဖရဲ့ ဖွဲ့စည်းပုံမူမှာတော့ ဒါနဲ့ ပြောင်းပြန်ဆန့်ကျင်နေ တာကို သုံးသပ်တွေ့ ရှိရပါတယ်။ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ ဆိုင်တဲ့ နအဖ ဖွဲ့စည်းပုံမူ ပြဌာန်းချက်ကို အောက် ပါအတိုင်း ခြုံ့ပြီးတင်ပြ ပါမယ်။

### နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊အလို့ငှာ ပြဌာန်းထားသော ဥပဒေများ နှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့နှင့်အစည်း အရုံးများ ဖွဲ့ စည်းဆောင်ရွက်ခွင့်ရှိသည်။

အသင်းအဖွဲ့နှင့် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ကို ရိုးရိုးရှင်းရှင်း ပြဌာန်းထားတာမျိုး မဟုတ် ပါဘူး။ချွင်းချက် (Exception Clause) နဲ့ထိမ်းချုပ်ပြဌာန်းထားတာ ဖြစ်တယ်လို့ နားလည်ဘို့ လိုပါလိမ့်မယ်။ အဲဒီ ချွင်းချက်ကတော့ **“နိုင်ငံတော်လုံခြုံရေး အလို့ငှာ ပြဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင်”** ဆိုတဲ့ စကားစု ပါဘဲ။

လက်ရှိ မြန်မာနိုင်ငံမှာနိုင်ငံတော်လုံခြုံရေးနဲ့ တိုက်ရိုက်ဆက်စပ်တယ်လို့ သုံးသပ်နိုင်တဲ့ (အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအပါအဝင်) ဖေါက်ပြန်တဲ့ ဥပဒေပေါင်း တဆယ်ခုကျော် လက်ရှိတည်ရှိနေပါတယ်။ နောက်ထပ် ဘယ်နှစ်ခုဆက်ပြီး ပြဌာန်းဦးမယ် မပြောနိုင်ဘူး။ အဲဒီ ဥပဒေတွေနဲ့ မဆန့်ကျင်စေရဘဲ အသင်းအဖွဲ့ ဖွဲ့စည်းလှုပ်ရှားခွင့် ရှိတာဆိုတာ ဟာ **“ဘာမှ ထမလုပ်နဲ့၊ လုပ်ရင် ထောင်ထဲရောက်သွားမယ်”**လို့ ပြောတာနဲ့ မခြားပါဘူး။

အဲဒါကြောင့် နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အတည်ပြုလိုက်မယ်ဆိုရင်တော့၊ ဟိုအသင်း သည်အဖွဲ့ဖွဲ့ဘို့ ကြိုးစားတဲ့လူထုတွေဟာ၊ အုပ်ချုပ်သူအာဏာပိုင်တွေက အမြင်ကတ်တဲ့အခါ၊ ရှမ်းအမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ်ဆေထင်လို၊ ထောင်ဒဏ် (၁၀၆) နှစ်ထက်မနည်းကျခံကြရဘို့သာ ရှိမယ့်အကြောင်း တင်ပြ ရင်း နိဂုံးချုပ်ပါရစေ။